# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှေးဦးစကား | |
| ၂။ | နိဒါန်းချီစကား | |
| ၃။ | ဆေးကျမ်းများကပြဆိုထားသော မြန်မာ့ရိုးရာ အိမ်တွင်းမှုဆေးပညာ ကျန်းမာရေးဆေးဝါးဓာတ်စာများ ( အက္ခရာစဉ် 'က မှ အ' အထိ ) | ၁–၁၀၄ |
| ၄။ | မြန်မာ့ရိုးရာ အိမ်တွင်းမှုဆေးပညာ ကျန်းမာရေးဆေးဝါး ဓာတ်စာများတွင်ပါဝင်သော ပရဆေးတို့၏ အကျိုးပြု အာနိသင်များ | ၁၀၅–၁၁၄ |
| ၅။ | နိဂုံးစကား | ၁၁၅ |
| ၆။ | ဆေးကျမ်းများကပြဆိုထားသော မြန်မာ့ရိုးရာအိမ်တွင်းမှု ဆေးပညာ ကျန်းမာရေးဆေးဝါးဓာတ်စာများပြုစုရာတွင် ကိုးကားကျမ်းနှင့် စာအုပ်စာရင်း | ၁၁၆–၁၁၈ |
| ၇။ | ဆေးကျမ်းများကပြဆိုထားသော မြန်မာ့ရိုးရာအိမ်တွင်းမှု ဆေးပညာ ကျန်းမာရေးဆေးဝါးဓာတ်စာများတွင်ပါဝင်သော ပရဆေးပင်များကို ရုက္ခဗေဒပညာဖြင့် ခွဲခြားခြင်း | ၁၁၉–၁၂၁ |
| ၈။ | ကိုယ်ရေးအကျဉ်း | ၁၂၂–၁၂၃ |
| ၉။ | ရေးသားပြုစုထုတ်ဝေပြီးသော စာအုပ်များ | ၁၂၄ |
| | ဆေးကျမ်းများကပြဆိုထားသော မြန်မာ့ရိုးရာအိမ်တွင်းမှု ဆေးပညာ ကျန်းမာရေးဆေးဝါးဓာတ်စာများတွင်ပါဝင်သော မြန်မာ့ပရဆေးပင်ပုံများ | |


## ဆေးကျမ်းများကပြဆိုထားသော မြန်မာ့ရိုးရာအိမ်တွင်းမှုဆေးပညာ ကျန်းမာရေး ဆေးဝါးဓာတ်စာများ

(၁) **ကလေးဖျားနာ ။** သနပ်ပစ္စည်းအရွက်ကို ကြိတ်၊ နှမ်းဆီနှင့်ဖျော်၊ ကလေးတစ်ကိုယ်လုံး လိမ်းပေး အဝတ်ပါးအုပ်ထားပါ။ အနာငန်းမန်းလိုက် အညှော်မိခြင်း များကိုလည်း ပျောက်ကင်း။ **ပုံပြဓာန်၊ ထာ၊ ၂၉၇။**

(၂) **ကလေးနို့မျက် ။** ဝါးကြမ်းငှက်ပျောသီးအလုံးအတိုင်း မီးဖုတ်ပြီး အတွင်းအသားကို ဆာတိုင်း ကျွေး။ ကလေးကျန်းမာဝပြိုးဆေးအာဟာရဖြစ်သည်။ **ဘက်ငှက်ပျော၊ ၁၄၃။**

(၃) **ကလေးနို့ပွေးစွဲ။** ချေးသေးပန်းရွက်၊ ကွမ်းရွက်၊ ငန်းဆေးရွက် ဆတူကြိတ်။ နှမ်းဆီနှင့် ဖျော်လိမ်းပေး။ ကလေးနှုတ်ခမ်းကွဲ၊ လျှာကွဲ၊ ကလေးလန့်ဖျား၊ အငိုအားကြီးခြင်း စသော သူငယ်နာများ၌သုံးနိုင်သည်။ **နွယ်စွမ်း၊ ၁၅၅။**

(၄) **ကလေးအတက်ရောဂါ။** (၁) မုဒ္ဒသာသနံပင်အနီမျိုး၏ ဥကို သွေးပြီး လက်နှစ်ဖက်တွင်ဆေးကို ပွတ်ကာ ကလေးမျက်နှာကို အုပ်ပေးပါ။ နာဝကို တော့ပေးပါ။ **အသက်ရှည်၊ ၆၀။**

(၂) ကြက်သွန်နီဥကို အရင်းနှင့်အဖျားကို ဖြတ်ပယ်၍ အလယ်ခေါင်တွင် အပေါက်သေးသေးဖောက်၊ ကလေးငယ်ထိပ်ပေါ်တင်၍ ပါးစပ်ဖြင့် လေမှုတ်ပေးပါ။ ချက်ချင်း အတက်ကျသည်ဟု ဆိုသည်။ **အိမ်ဆေး–၅၂၈။**

(၃) ကြက်ကာ၊ ဆား၊ ရှိန်းနီတို့ကို ဆတူယူ၍ မီးဖြင့်ပြာချယူ။ မကြာ မကြာ တက်တက်သော ကလေးကို ရေစဉ် တစ်ရွေးသားတိုက်ပေးပါ။ (ကြက်ကာ ဆိုသည်မှာ ကြက်အမြစ်အတွင်းသားက ခွာယူရသော အကာဖတ်) **သားငါးခါန်၊ ပ(ပ)၊ ၁ ၆၇။**

(၅) **ကလေးဆီးအောင့်။** လိပ်ကျောက်ပြီးကို သွေး၍ ချက်အောက်မှာလိမ်း။ အသာအယာသပ်ချပါ။ ပွဲတွေ့ – ၁၇ (လိပ်ကျောက်ပြီးကို ပရဆေးဆိုင်မှာ ဝယ်နိုင်သည်။)

(၆) **ကလေးချွဲသလိပ်ကျပ်။** ချေးသေးပန်းရွက်၊ ကြပ်ခိုး၊ ကွမ်းရွက်တို့ကို ဆတူယူ၊ ကြိတ်၊ တဖို လယ်ပြာ အနည်းစဝ်၊ နှမ်းဆီနှင့်ဖျော်၊ ရင်ဘတ်ကိုလူးပေးပါ။ နှမ်းဆီ မထည့်ဘဲ ဝမ်းထဲ တိုက်ကျွေးပေး။ **နွယ်စွမ်း–၁၅၄။**

(၇) **ကလေးဝမ်းရောင်။** (၁) စည်းရိုးကြက်ဆူအမြစ်ကို ရေနှင့်သွေး။ လျှာကိုပွတ်ပေး။ **မိမိမှတ်။**

(၂) သနပ်ခါးမြစ်၊ ကံကော်ဝတ်ဆံ၊ စမုန်နက်တို့ကို ဆတူယူ၊ ကြိတ်၊ ဆီနှင့် ဖျော်၍ ဝမ်းဗိုက်ကိုလိမ်းပေး။ **ပဒေသာ – ၄၂။**

(၈) **ကလေးဝမ်းဖော။** အိပ်မွေ့သီးကို အမှုန့်ပြု၍ နွားနို့နှင့်ကျိုချက်၍ အရည်ကိုစစ်ယူတိုက်ကျွေး။ **ပုံပြဓာန်၊ စ၊ ၁၅၂။**